# စမ္ပာနဂိုရ် ပြားသွားပြီ

နှင့်

ဝတ္ထုတိုများ



## မောင်ရင့်မာ

ကျောင်းတုန်း

# ဂျိုဇော်၏ အမှာ စာ

## (၁)

မှတ်မှတ်ရရ ရွှေအမြုတေပွဲမှ အပြန် ဆရာမောင်ရင့်မာ (ကျောင်းကုန်း) က ကျွန်တော့် လက်ထဲသို့ စာမူဖိုင်ကြီး လာထည့်သည် ။ သူ့ဝတ္ထုတိုပေါင်းချုပ်အတွက် အမှာ စာ ရေးပေးရန်တဲ့ ။

ကျွန်တော် အံ့ဩသွားသည် ။ ဆရာမောင်ရင့်မာ (ကျောင်းကုန်း) ၏ 'သမ္မာ' နှင့် 'ဝါ' က အမှာ စာ တောင်းရမည့် အနေအထား မဟုတ်တော့ပြီ။ သူကသာ အမှာ စာတွေ ရေးပေးနေရမည့် အချိန်။ တစ်စုံတစ်ရာ ပြောစရာ ဆိုစရာ ရှိလျှင် ကိုယ့်ဟာကိုယ် အမှာ စာရေး။ သည်အထဲကမှ အမှာ စာ ထည့်ချင်သပဆိုလျှင် မိမိထက် သမ္မာရင့်၊ ဝါရင့်သည့် ဂန္ထဝင်ဆရာကြီးများ ဆီမှ တောင်းသင့်သည် မဟုတ်ပါလား။

ဆရာမောင်ရင့်မာ (ကျောင်းကုန်း) ၏ ပထမဆုံး ဝတ္ထုတိုပေါင်းချုပ် ထုတ်ဝေခဲ့သည့် ၁၉၈၄ ခုနှစ်မှာ ကျွန်တော်သည် စာပေနယ်သို့ပင် မရောက်သေး။ ရေးဖို့ တာစူနေသောအချိန်။ သူ ကလောင်လားမြောက်နေချိန်မှာ ကျွန်တော်က ကလောင်သစ်ဘဝ။

ဟော … ယခု အချိန်မှာ တော့ …

သူသည် အောင်မြင်သော မဂ္ဂဇင်းကြီးတစ်ခု၏ အယ်ဒီတာလည်း ဖြစ်ခဲ့ပြီ။ မြန်မာစာပေ၏ လက်ချိုးရေ၍ ရသော အက်ဆေးဆရာ ကောင်း

ထဲမှာ တစ်ယောက် အပါအဝင်။ ‘လရောင်ရှာတဲ့ ရှာ’ အက်ဆေး ၁၀၀ ထုတ်ပြီးတာပင် နှစ်အတန်ကြာခဲ့ပြီ။ အခြား ကလောင်နာမည် တစ်ခုဖြင့်လည်း ဂျာနယ်တွေမှာ ဆောင်းပါးတွေ မပြတ်တမ်း ရေးနေလိုက်သေး ။ ထိုဆောင်းပါးတွေ စုထုတ်သည့် စာအုပ်များ ပင် ပြိုက်ခနဲ ပြိုက်ခနဲ ကုန်အောင် စွံနေပြန်ရော။ သူ့လို လျှမ်းလျှမ်းတောက် စာရေးဆရာက ဘာကြောင့် များ ကျွန်တော့်ကို ...

ပြီးတော့ ...

ကိုရင့်မာ (ကျွန်တော်က ကိုရင့်မာ ဟု ပဲ ခေါ်ပါသည် ) နှင့် ကျွန်တော်က ငယ်ပေါင်း မဟုတ်သော်လည်း ယခုအခါမှာ ညီရင်းအစ်ကိုတမျှ ရင်းနှီးခင်မင် နေသူတွေ။ ဆိုတော့ ...

အမှာ စာကို ဘယ်မူဟန်ဖြင့် ရေးရပ့်။

(၂)

မြန်မာစာပေမှာ ပထမဆုံး ဝတ္ထုတိုသည် ...

“မောင်သိန်းတင် မသိန်းရှင်” ဖြစ်ပြီး ၁၉၁၇ မှာ စတင်ခဲ့သည် ဟု မှတ်သားခဲ့ရသည် ။ ယနေ့အချိန်ထိဆိုလျှင် နှစ်ကာလအားဖြင့်လည်း မနည်းတော့ပြီ။ ဝတ္ထုတိုတွေလည်း အရေအတွက်ကော၊ အရည်အချင်းပါ တိုးတက်များ ပြား လာခဲ့ပြီ။

ဇာတ်နိပါတ်ဆန်သော ဝတ္ထုများမှ Romance, Realism, Modein, Post modern အထိ ရောက် လာပြီ။

ခေတ်နှင့် ပြောလျှင် သူရိယ၊ ဒဂုံ၊ တစ်မတ်တန် ဝတ္ထု၊ မဂ္ဂဇင်းများ ခေတ်။ ဂန္ထ လောကခေတ်၊ ခေတ်စမ်း၊ စစ်ပြီးခေတ် သည် ဘက်ပိုင်း မြဝတီ၊ ငွေတာရီ၊ ရှုမဝ၊ သွေးသောက်၊ မိုးဝေမဂ္ဂဇင်းများ ခေတ်။ ထို့နော

က် သဘင်၊ ပေဖူးလွှာ၊ မဟေသီ၊ စံပယ်ဖြူ၊ မြားနတ်မောင်၊ ကလျာ၊ တေးကဗျာ၊ ရသစုံမဂ္ဂဇင်းများ ခေတ်။ ၁၉၈၀၊ ၁၉၉၀ တစ်ဝိုက်က ဝတ္ထု တို ရွှေခေတ်။ မော်ဒန်၊ ပို့စ်မော်ဒန်များကို မိတ်ဆက်လာသော ဟန်သစ်၊ ရနံ့သစ်၊ သရဖူ မဂ္ဂဇင်းများ ခေတ်။ ယနေ့ ပွင့်လင်းစကာလ ဝတ္ထုတိုများ ခေတ်။ ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့ပြီ။

ထိုအထဲမှာ မှ သရုပ်မှန် (ခ) ဘဝသရုပ်ဖော် (ဂ) ခေတ်ပြိုင်ခံစားမှု (ခ) Realism ဝတ္ထုတိုများ သည် အရေအတွက် အများ ဆုံး၊ သက်တမ်းအ ရှည်ဆုံး၊ စာဖတ်သူ လက်ခံမှု အများ ဆုံးဟု ပညာရှင်များ ပြောဆိုခဲ့ကြ သည် ။ ယနေ့အထိလည်း စာနယ်ဇင်းတွေမှာ အများ ဆုံး ဖော်ပြခံရ သော ဝတ္ထုတို အမျိုးအစား ဖြစ်နေပါသေးသည် ။

ယခု ဆရာ မောင်ရင့်မာ (ကျောင်းကုန်း)၏ ဝတ္ထုတိုများကို မဖြစ်မ နေ အမျိုးအစား ခွဲခြားပေးပါဆိုလျှင် သရုပ်မှန် Realistic Short Stories များ ဟု ပဲ ကျွန်တော် သဘောတူပါသည် ။

## (၃)

သရုပ်မှန်စာပေ Realism မှာ ပင် လူတန်းစား အမြင်ဖြင့် ရေးသော Socialist Realism။ လူတန်းစား အမြင်မပါသော Realism ဟု ရှိနေပြန်ပါ သည် ။ Realism ဘောင်အတွင်းမှာ ပင် ဇာတ်လမ်း၊ ဇာတ်ကွက် ခိုင်ခိုင် မာမာနှင့် အခင်းအခက် အဖြေများ ဖြင့် ရေးသော ဝတ္ထုတိုများ ၊ ဇာတ် ကောင်စရိုက်ကို ဦးစားပေး ဖွဲ့ဆိုသော ဝတ္ထုတိုများ ။ အတွေးအခေါ် ဒ သနတစ်ခုကို ဦးစားပေးသော ဝတ္ထုတိုများ ၊ ခေတ်ပြိုင်လောက၏ မ တော်မတည့်မှုများကို သရော်သော ဝတ္ထုတိုများ ၊ သင်္ကေတနိမိတ်ပုံ ဂ ယက်အနက်များ ဖြင့် ဝှက်၍ ရေးသော ပဋ္ဌလက်သရုပ်မှန် ဝတ္ထုတိုများ စသည် ဖြင့် ရေးဟန် Form အပိုင်းမှာ အမျိုးမျိုး ကွဲပြားနေပါသေးသည်

အမျိုးအစား များ ပြားလှသည့် Realism ဝတ္ထုများကို ချဉ်းကပ်ဝေဖန်ရာဝယ် ဝေဖန်ရေးဆရာများ သည် ၊ အနည်းဆုံး ပေတံနှစ်ချောင်းကို ကိုင်စွဲဝေဖန် တတ်ကြ၏။ (၁) Intrinsic Criticism နှင့် (၂) Extrinsic Criticism ဖြစ်၏။

Intrinsic နည်းက ဇာတ်လမ်းဇာတ်ကွက်၊ ဇာတ်ဆောင်စရိုက်၊ စရိုက်သရုပ်ဖော် အပြောနှင့် အပြ။ စကားပြေ အရေးအသား။ Dialogue, ရှုထောင့် စသည့် အတွင်းသားကို လေ့လာ အကဲဖြတ်ပြီး Extrinsic နည်းက အကြောင်းအရာ၊ အတွေးအခေါ် ဒဿန၊ ပတ်ဝန်းကျင် ခေတ်စနစ်၏ လွှမ်းမိုးရိုက်ခတ်မှု။ ထိုအပေါ်မှ စာရေးဆရာ၏ တုံ့ပြန်မှု စသည် တို့ကို လေ့လာ အကဲဖြတ်လေသည် ။

စာဖတ်သူများ သည် လည်း ယခု ဆရာမောင်ရင့်မာ (ကျောင်းကုန်း) ၏ ဝတ္ထုတိုများကို ဖတ်သောအခါ တိုက်ရိုက်ရသ သို့မဟုတ် ဒဿနကို ခံစားပြီး ကျေနပ်နှစ်သက်မှုတွင် ရပ်တန့်မနေဘဲ အနည်းဆုံး အထက်ပါ နည်းနှစ်နည်းဖြင့် ထပ်မံဖတ်ရှု အကဲဖြတ်ကြရန် အကြံပေးလိုပါသည် ။

## (၄)

ဆရာမောင်ရင့်မာ (ကျောင်းကုန်း) ၏ ယခု ဝတ္ထုတိုပေါင်းချုပ်တွင် ဝတ္ထုတို ၁၄ ပုဒ် ပါဝင်သည် ။ ထူးခြားသည် မှာ ဝတ္ထုတို သုံးပုဒ် 'ညနေခင်းမျက်ဝန်းများ ၊ ဒရိုင်ဘာ၊ ခရီးယာယီ' သာ စကားပြေဖြင့် ရေးသားထားပြီ၊ ကျန် ၁၁ ပုဒ်က စကားပြောဖြင့် ရေးသားထားခြင်း ဖြစ်၏။ (အပြောဖြင့် ရေးသားခြင်းကို မန္တလေးတစ်ဝိုက် စာရေးဆရာတွေပဲ ခံတွင်းတွေ့ကြရာ ဆရာမောင်ရင့်မာက ဝင်မြိန်နေခြင်းကို သတိထားမိလိုက်ခြင်း ဖြစ်ပါသည် ။)

ဆရာ မောင်ရင့်မာ (ကျောင်းကုန်း) ၏ ဝတ္ထုတိုများ တွင် ခေတ်ပြိုင်

ခံစားမှု (ခေတ်ကြေးမုံပြ) ဝတ္ထုတိုများ ပါသည် ။ အိမ်ထောင်ရေး ဝတ္ထုတိုများ ပါသည် ။ အတွေးအခေါ် ဒဿနကိုပေးသည့် ဝတ္ထုတိုများ လည်းပါသည် ။ Satire ဟု သတ်မှတ်ရမည့် သရော်တော်တော် ဝတ္ထုတိုများ လည်း ပါသည် ။ အမျိုးအစား စုံစုံလင်လင်ဖြင့် ရသစုံ အတွေးစုံကို ပေးသည့် ဝတ္ထုတို ပေါင်းချုပ်ဟု တော့ ကျွန်တော် စကားဦးသန်းထားချင်သည် ။

## (၅)

စာဖတ်သူက ဝတ္ထုတိုတစ်ပုဒ်ကို ဖတ်ပြီးပြီဆိုလျှင် ပထမ ဖျော်ဖြေမှု ရသကို ရနိုင်ပါသည် ။ ကျေနပ်မှု၊ ဘဝင်ကျမှု၊ နှစ်သက် ကြည်နူးမှု စသည် ခေါ်ဆိုနိုင်ပါသည် ။

ဒုတိယ အတွေးအမြင် ဒဿနတစ်ခုခုကို ရရှိနိုင်ပါသည် ။ ရသနယ်မှ ဒဿနနယ်သို့ ကူးပြောင်းခြင်းဟု ခေါ်ဆိုနိုင်ပါသည် ။ တတိယ စာဖတ်သူ၏ အနာဂတ်ဘဝအတွက် ရှေ့ဆောင်လမ်းပြမည့် မီးရှူးရောင်၊ အပြောင်းအလဲ ဘဝအတွက် စီးနင်းရာ ယာဉ်အသစ် နောက်ဆုံး လောကကြီး၏ အပြောင်းအလဲတစ်ခုအတွက် စနက်တံပင် ဖြစ်စေနိုင်ပါသည် ။

ထိုအချက်သုံးခုမှ ပထမအချက်ကို ပေးစွမ်းနိုင်လျှင်ပင် ဝတ္ထုတို ကောင်း ဟု သတ်မှတ်နိုင်ပါပြီ။ ဒုတိယအချက်ပါ ပေးစွမ်းနိုင်လျှင် အင်မတန်ကောင်းသော ဝတ္ထုတို။ တတိယအချက်ထိ စွမ်းသွားလျှင် တစ်ခေတ်မှာ တစ်ပုဒ်၊ ရှာမှ ရှားသော ဝတ္ထုတို ဖြစ်သွားပါပြီ။

ဤနေရာတွင် တချို့က ဝတ္ထုတို (ဆရာ) မှာ ဘာတာဝန်မျှ မရှိ၊ ဘာ အမျှော်မှ မရှိဟု ဆိုကြပါသေးသည် ။ ဘယ်စာရေးဆရာမှ မျှော်ကိုးပြီး တာဝန်ယူပြီး ရေးသားကြသည် မဟုတ်ပါ။ နောက်ဆက်တွဲ အကျိုးသ

က်ရောက်မှုအပေါ် စာဖတ်သူများ ၊ ပညာရှင်များက တန်ဖိုးသတ်မှတ်ကြခြင်း ဖြစ်ပါသည် ။

အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း ဝတ္ထုတိုတစ်ပုဒ်သည် ပထမအချက်တွင် ပြီးသွားပြီ လား။ ဒုတိယအချက်ပါ ပြည့်စုံပြီလား၊ တတိယအချက်ထိ စွမ်းသွားသလား ဆိုသည် မှာ စာဖတ်သူ၏ ကိစ္စ ဖြစ်ပါသည် ။ နောက်ဆုံး စာပေသမိုင်း၏ ကိစ္စ ဖြစ်ပါသည် ။

'အမှာ စာကို ဤနေရာတွင် ရပ်တန့်လိုက်ရန်' သည် သာ (အမှာ စာရေးသူ) ကျွန်တော်၏ ကိစ္စ ဖြစ်ပါသည် ။

ဖတ်ရှုခံစား ...

လေ့လာ အကဲဖြတ်ကြပါကုန်။

ဂျူဇော်

*

## အက်ဆေးဆရာရဲ့ ဝတ္ထုတိုတွေ ...

### (၁)

ဆရာမောင်ရင့်မာ (ကျောင်းကုန်း) ရဲ့ အက်ဆေးတွေ ကျွန်မ ဖတ်ဖြစ်ခဲ့တာ ကြာပါပြီ။ ဆရာမောင်ရင့်မာလို့ ပြောရင် ကျွန်မ ပထမဆုံး သတိရတာ ဆရာ့အက်ဆေးတွေပါပဲ။ ဆရာက အက်ဆေးအရေး ကောင်းလှလေတော့ အက်ဆေးတွေအကြောင်းပြောရင် ဆရာရေးတဲ့ အက်ဆေးတွေအကြောင်း မပါလို့ မဖြစ်ဘူး ဆိုရလောက်အောင် အရေးကောင်းသူပါ။ စာတွေနဲ့ ရင်းနှီးနှစ်ခြိုက်နေတာ ကြာပြီဆိုပေသိ အရင်က ဆရာနဲ့ မဆုံဖူးပါဘူး။ တစ်ခါမှာ တော့ ဆရာမန္တလေးမှာ တာဝန်ကျလို့ ပြောင်း လာပြီဆိုတဲ့ သတင်းနဲ့ အတူ ဆရာရင့် ကျွန်မတို့ အိမ်ကို ရောက်လာခဲ့တယ်။ လူချင်းတွေ့တော့မှ ဆရာ့စာနဲ့ တွဲမိရတယ်။ ကလောင် နာမည်က မောင်ရင့်မာ ဆိုပေသိ ကလောင်နာမည်နဲ့ ပြောင်းပြန် နူးနူးညံ့ညံ့ အမူအရာနဲ့ စကားကို အေးအေးချမ်းချမ်း ပြောတတ်တာကိုလည်း သတိထားမိတယ်။ သည် ကစလို့ ဆရာနဲ့ ကျွန်တော်တို့ မိသားစု ခင်မင်ရင်းနှီးခွင့် ရခဲ့တယ် ပြောပါစို့။ ဆရာရင့် ရောက်လာရင် စာပေစကားတွေ ကြားရတော့တာပဲ။ ဆရာရင့်ရဲ့ စာပေအပေါ် မြင်တဲ့ အမြင်၊ ထားတဲ့ သဘောထားတွေက ကျွန်မတို့ နဲ့ တစ်ထပ်တည်း လိုလို ရှိတယ် ပြောရမှာ ပါ။ ငြင်းရ ခုန်ရတာ နည်းပါတယ်။

ဆရာရင့်က ပြောသူသက်သက် မဟုတ်ပြန်ဘူး။ တစ်ခါတလေ ကျွန်

မတို့ က စကားရောက်တဲ့ အပေါ် တစ်လှည့်ပြောပြန်တော့ ဆရာက တစ်လှည့် နားထောင်တတ်သူပါ။ နောက်တော့ ဆရာ့မိသားစု ကျွန်မတို့ မိသားစု အချင်းချင်း ဆွေးမျိုးတွေလို ရင်းရင်းနှီးနှီး ခင်ခင်မင်မင် ပွင့်ပွင့်လင်းလင်း ရှိကြရတဲ့ အထိပါပဲ။

ကျွန်မတို့ မိသားစုနဲ့ အတူ ဆရာရင့်မိသားစု၊ ဆရာနတ်မှူး မိသားစု၊ ဆရာဂျူဖော် မိသားစုတွေ အားရက်ချင်းဆုံရင် ရပ်ဝေးရပ်နီး ကားတစ်စီးငှားပြီး ခရီးတွေထွက်ကြ၊ ဒေသန္တရ ဗဟု သုတ ရှာကြ၊ လမ်းခရီးတစ်လျှောက် စာစကား ပေစကားတွေ ပြောကြနဲ့ နှစ်စဉ်လိုလို တစ်ခရီးမဟုတ် တစ်ခရီး သွားကြတာလည်း အလေ့လို ဖြစ်နေပါပြီ။ ဒါတွေ ရေးပြတာက ကျွန်မတို့ အချင်းချင်းကြားမှာ စာပေအားဖြင့် မေတ္တာချင်း ကူးကူးလူးလူး ရှိခဲ့ကြတယ်ဆိုတာ သိစေချင်လို့ ပါ။ ပုဂ္ဂိုလ်ခင်လို့ တရားမင်တယ် ဆိုတာထက် ကျွန်မတို့ အချင်းချင်းကြားမှာ စာယဉ်ကျေးမှုရှိတာက ပိုပါတယ်။

ပြောရရင် ဆရာမောင်ရင့်မာ (ကျောင်းကုန်း) ဆိုတဲ့ ကလောင်က စာဝါရင့်လှပါပြီ။ ဆရာ့စာတွေကို ကျွန်မ ခုံခုံမင်မင် ဖတ်ခဲ့ရတာလည်း အမှန်ပါ။ တစ်ရက်က ကျွန်မဆီ ဖုန်းဆက်ပြီး သူ့ဝတ္ထုတိုပေါင်းချုပ်မှာ အမှာ ရေးပေးပါဦး ပြောလာတဲ့ အခါမှာ တော့ ကျွန်မအဖို့ ရာ ဝမ်းလည်း ဝမ်းသာပါရဲ့ ၊ စံပယ်ပန်း မွှေးပဲ့ရှင်လို့ ဝင်ပြောမိသလို ဖြစ်နေမလားဆိုတဲ့ စိတ်ကလေးလည်း ဝင်မိပါရဲ့ ။ ဆရာရင့်ရဲ့ စာတွေ ရှေ့က ရပ်ပြရမယ့် ကိစ္စဆိုတော့ မှန်တာပြောရရင် လပေါ် တိမ်ပြေးရမယ့် အဖြစ်မျိုး ဖြစ်နေလေမလားလို့ လည်း တွေးမိတာ အမှန်ပါ။ အမှာ စာဆိုတာက စာရေးသူနဲ့ အမှာ စာရေးသူ နှစ်ဦးသားကြားက အမြင်၊ သဘော၊ အယူအဆ၊ ထင်မြင်ချက် သက်သက်မဟုတ်ဘဲ စာဖတ်သူတွေကိုပါ စကားဦးသန်းရတဲ့ ကိစ္စဆိုတော့ တာဝန်ကြီးတဲ့ ကိစ္စမဟုတ်လား။

သည်းခံစားမှုနဲ့ ပဲ ရေးပါရစေတော့။

(၂)

ဆရာမောင်ရင့်မာ (ကျောင်းကုန်း) ရေးတဲ့ ဝတ္ထုတိုတွေ ...။ ကျွန်မ အဖို့ ရာ မဂ္ဂဇင်းတွေထဲမှာ ဆရာရေးသမျှ မဖတ်ဖြစ်သေးတဲ့ ဝတ္ထုတို တွေက ခပ်များများ ပါ လာလေတော့ ဘယ်အချိန်မှာ များ ဝတ္ထုတိုတွေ ဖန်တီးလိုက်တာပါလိမ့်လို့ လည်း အောက်မေ့မိရပါရဲ့ ။ ဆရာ လှမ်းပို့လို က်တဲ့ ကွန်ပျူတာရိုက်စာမူ ၁၄ ပုဒ် စတိုက်က ရောက်လာကတည်းက ဖ တ်နိုင်သလောက် တစ်ထိုင်တည်းလိုလို ဖတ်ဖြစ်ပါတယ်။ ခရီးတွေများ နေလို့ အမှာ စာတော့ တော်တော်နဲ့ မရေးဖြစ်ဘူး။ ခရီးနားရပြီဆိုတော့ မှ ဝတ္ထုတိုတွေကို တစ်ပုဒ်ချင်း ထပ်ဖတ်ဖြစ်ပါ တယ်။ ဖတ်ရင်းနဲ့ လည်း ကိုယ်နှစ်သက်တဲ့ ဝေါဟာရ၊ စကားအသုံးကလေးတွေ တွေ့လို့ မှတ်စုမှ ရေးမှတ်ရပါ သေးတယ်။ ဆရာ့ဝတ္ထုတွေက စကားလုံးအသုံး ထိထိမိမိရှိ တာကို ပထမဆုံး သတိထားမိတယ်။ စာဖတ်နာခဲ့သူမှန်း၊ စကားလုံး ဝေါဟာရတွေ နိုင်နင်းသူမှန်း သိသာတဲ့ ဝတ္ထုတိုတွေပါ။ ဝတ္ထုတိုဆရာ တွေ ဘာကိုကြိုက်တယ်၊ ဘာကိုတော့ဖြင့် မကြိုက်ဘူးဆိုတာ သူတို့ စာ ဖတ်လိုက်ရင် ပေါ်နေတာပဲဆိုတဲ့ စကားရှိတယ်။ ဟုတ်ပါရဲ့ ။ ဝတ္ထုတို တွေ အကုန်လုံး ဖတ်ပြီးတဲ့ အခါ ဝတ္ထုတိုရေးသူရဲ့ ရင်ထဲမှာ ဘာရှိတယ် ဆိုတာ နှစ်လမြို တစ်လမြက် အကဲခတ်နိုင်ပြီ။ ဝတ္ထုတိုရေးဆရာရဲ့ စာ ဟာ သူ့ဖြတ်သန်းမှုထဲက ပြောချင်တဲ့ အကြောင်းအရာ တချို့ကို ပြောချ င်လွန်းလို့ ပြောချလိုက်တာက ခပ်များများ မဟုတ်လား။

ကျွန်မကတော့ ဝတ္ထုတို အတတ်ပညာနဲ့ ကပ်ပြီး ပြောတာထက် ကို ယ်ခံစားရသလို ပြောတာက ပိုကောင်းမယ်ထင်လို့ ရင်ထဲ ရှိတဲ့ အတိုင်း ပဲ ရေးပါရစေ။ ဆရာရင့် ဝတ္ထုတိုတွေ ဖတ်ရတော့ နှစ်ချက် တွေ့ရပါတ

ယ်။ တစ်ချက်က ဘာလဲဆိုတော့ လူ့စရိုက်တိုတိုထွာထွာ ကလေးတွေကို ရေးပြတာ ဖြစ်ပေသိ တွေးရင် တွေးသလောက် အလျှားရှိတယ်။ ဒုတိယ တစ်ချက်က သူ့အတွေ့အကြုံကို ချရေးတဲ့ အခါ ပွေ့ပွေ့ပိုက်ပိုက် ရှိတယ် ဆိုတဲ့ အချက်တွေ ပါ။ ဝတ္ထုတိုတစ်ပုဒ်မှာ အခြေခံအားဖြင့် ပြည့်စုံရမယ့် အချက်တွေရယ်လို့ ရှိပါလိမ့်မယ်။ သည် နှစ်ချက်တော့ဖြင့် မရှိရင် မဖြစ် ဘူး ထင်ပါရဲ့ ။ ဝတ္ထုတိုဟာ လူ့ဘဝ အခင်းအခက်တွေနဲ့ လှလှပပ ရက် ရှယ်ထားတဲ့ ပဝါတစ်ပိုင်းပါ။ သည် ပဝါကလေး အဆင်ဆန်းရင် ဆန်း သလောက် နောက်ကွယ်က ရက်ကန်းသည် ရဲ့ စိတ်ကူးစိတ်သန်းကို မြ င်ရလေ့ ရှိတယ်။

ကျွန်မ သတိထားမိတဲ့ အချက်ထဲမှာ ဆရာရင့် ရင်ထဲက ပုန်းကွယ် နေတဲ့ ဟာသဓာတ်ကို တွေ့ရတတ်ခြင်းပါ။ သည် ဟာသအခံနဲ့ သရော် တတ်လို့ လား မသိဘူး။ တချို့သော ဝတ္ထုတိုတွေ ဖတ်ရတာ ပြုံးတမြမြ ဖြစ်ရတာတွေလည်း ရှိတယ်။

'စမ္ပာနဂိုရ်ပြားသွားပြီ' ဝတ္ထုမှာ သုသာန်ကျောင်းက ကပ္ပိယစိန်ပေါ က်ကို ဖွဲ့တဲ့ အခါ လောကထဲက အဲသလိုလူတွေကို ကျွန်မ ဖျတ်ခနဲ သ တိရမိတယ်။ မဟာပြို့ကွဲမှု၊ ကိုဟန်တင် (ဟားဗားတက္ကသိုလ်ပါမောက္ခ ဟန်တင်တန်ကိုပြောချင်တာ)။ တောဖား (အယ်ဗင်တော့ဖလာကို ပြော ချင်တာ)၊ တတိယလှိုင်း၊ ဦးနှောက်မုန်တိုင်းဆင်၊ စပိ၊ တိမ်းညွတ်မှု၊ တ က္ကနိုလိုဂျီအသစ်၊ ပတိရူပအနာဂတ်၊ ဘိဇနက်၊ ကမ္ဘာပြားပြီ ဆိုတဲ့ စ ကားလုံးတွေကို နားစွန်နားဖျား ကြားမိတဲ့ ရွာသား သာဝရဲ့ အော်သံကို ကျွန်မတို့ လည်း ကြားနေရတာ မဟုတ်လား။ စမ္ပာနဂိုရ်မှာ ဆွမ်းစား ကျောင်းကြီး ပြိုကျတော့ ရွာသူရွာသားတွေခမျာ စကားလုံးတွေ ပိနေကြ လို့ နှစ်တွေ၊ လတွေသာ ကုန်သွားတယ် ဝါးတစ်လုံး မခုတ်ရသေးဘူး၊ ခ နိတစ်လက် မပျစ်ရသေးဘူး၊ တိုင်တွင်းတစ်တွင်း မတူးရသေးဘူး၊ နီးတ

စ်စိတ် မဖြေရသေးဘူးတဲ့ ။ ဆွမ်းစားကျောင်း အပြိုကတော့ အပြားလိုက်ကြီး ရှိနေသေးတာနဲ့ ဝတ္ထုကို အဆုံးသတ်ထားတယ်။

သည် ဝတ္ထုကို ဖတ်ရတော့ အဖေ့ညီ ကျွန်မ ဘထွေးကို သတိရမိတယ်။ ဘထွေးက ကျွန်မတို့ ရွာ ဥဒယကပါ။ ရေဒီယိုလေး တဂျီဂျီနဲ့ ဆိုတော့ ရေဒီယိုထဲက ကြားသမျှသတင်း မနက်မိုးလင်းတာနဲ့ ကြုံတဲ့ အိမ်ဝင်ပြောလေ့ရှိတယ်။ တစ်ခါတော့ ဘထွေးရဲ့ ရေဒီယိုမှာ လာသတဲ့ ။ စကြဝဠာကြီးထဲက မဟာဥက္ကာခဲကြီးတစ်ခဲ ကမ္ဘာကို ပြင်းထန်တဲ့ အရှိန်နှုန်းနဲ့ ဝင်ဆောင့်တော့မယ် ဆိုတဲ့ သတင်းပါ။ ဒါလည်း ကြားရော ဘထွေးက “ငါ့ရွာနဲ့ မလွတ်လို့ သာ ငါ့ရေဒီယိုထဲ ဝင်လာတာပဲ” လို့ တွေးမိလို့ ရွာကနေ အထက်မလယ် မဲဇာဘက် ပြောင်းသွားလိုက်တာ တစ်ခေါက်တစ်ကျင်းတောင် ရွာပြန်မလာတော့ဘူး။ အခုတစ်ရွာမှာ မြေးတွေ၊ မြစ်တွေတောင် ရနေပါပြီ။

ဆရာရင့် ဝတ္ထုတိုထဲကလိုပါပဲ။ နွားခလောက်သံ မြည်သံဆန်းပေသိနှမ်းတစ်စေ့မှ ပိုမရတဲ့ အဖြစ်တွေကလည်း လောကထဲမှာ ရှိသေးတာ မဟုတ်လား။

## (၃)

ဆရာရင့်ရဲ့ ဝတ္ထုတို ၁၄ ပုဒ်မှာ “မျက်နှာပေး” ဝတ္ထုတိုထဲက ကားဒရိုင်ဘာ ကိုဝမ်းရဲ့ ဆရာနဲ့ ဓာတ်ဆီဝယ်တဲ့ ဆိုင်က ချာတိတ်၊ “ငန်းရုပ်ကလေး” ဝတ္ထုတိုထဲက ဒီဗီဒီဆိုင်က ကောင်မလေးကို ဆံပင်ဖြောင့်ပေးမယ်ဆိုတဲ့ လူနဲ့ ငန်းရုပ်ကလေး ပေါက်သွားလို့ ငိုယိုနေတဲ့ ကလေး စသည် အားဖြင့် ဇာတ်ကောင် တွေကို ယှဉ်ပြပြီး ရေးသွားတဲ့ ဝတ္ထုတိုတွေပါသလို ဇာတ်ကောင်ရဲ့ အဇ္ဈတ္တကို လှစ်ပြတဲ့ “ကျွဲလမ်း” “မျက်စောင်းထိုးကအိမ်” “ညနေခင်းမျက်ဝန်းများ ” လို ဝတ္ထုတိုတွေလည်း ပါပါတ

ယ်။ “မြစ်အနောက်ဖက် တောင်တန်းများ ” “ခရီးယာယီ” ဝတ္ထုတိုတွေမှာ လူမှုဘဝတွေ ရိုးရိုးရိပ်ရိပ် မြင်ရသလို “ဒရိုင်ဘာ”၊ “မြောက်စောင်းတန်းက လက်ဖက်ရည်ဆိုင်က စားပွဲထိုးကောင်လေးနှင့် ငြင်းခုံခြင်း” မှာ တော့ လူ့ဘဝထဲက အမောတွေကို တွေ့ရပြန်တယ်။ ဇာတ်ကောင်ကို ဖော်မပြဘဲ စာဖတ်သူကို အဆုံးအထိ ဆွဲခေါ်သွားတဲ့ “အနက်ရောင် လည်စည်းကလေး” လို ဝတ္ထုတို။ “ထန်းတော၌ ငိုက်မျဉ်းခြင်း ” ဝတ္ထုတိုထဲက လူပျိုကြီးစရိုက်ကလည်း ပြုံးတောင်ပြုံးမိပါရဲ့ ။ “ကတ္တီပါ မော်ဝင်အိတ်ကလေး”၊ “ဥပုသ်ပျက်တဲ့ နေ့” လို့ အတွေးစတချို့ ချန်ထားတဲ့ ဝတ္ထုတိုတွေလည်း တွေ့ရလို့ ဆရာရင့်က ဝတ္ထုတိုကို ရသစုံအောင် ထောင့်စုံက ကြည့်တတ်သူပါလားလို့ အောက်မေ့မိရပါတယ်။

ခြောက်အိမ်တန်းရွာက ဦးရွှေမောင်း၊ လူတကာကို ရန်လုပ်တတ်တဲ့ ဦးခင်ကျော်၊ ကိုမင်းနောင်ချို၊ ကြည်မိုးဝင်း၊ ကွမ်းဦးမောင်၊ ကိုမြင့်လွင်၊ မောင်ဒိုင်းလေး၊ ကိုသီလ …၊ ဆရာရင့်ဝတ္ထုတိုတွေထဲက ဇာတ်ကောင်တွေပါ။ လူတွေထဲက လူတွေပါပဲ။ ဝတ္ထုတိုဆရာက သည် ဇာတ်ကောင်တွေနဲ့ ကပ်ပြီး လူ့ဘဝထဲက လူ့သရုပ်တွေကို လှပ်လှပ်ကလေး ပြောပြသွားတယ်။ ဝတ္ထုတိုဆိုတာ အလင်းတစ်ချက် ပြက်လိုက်တဲ့ သဘောဆိုပေသိ သည် အလင်းထဲမှာ ကျွန်မတို့ မြင်လိုက်နိုင်တာ ကြားလိုက်နိုင်တာ ခံစားလိုက်နိုင်တာတွေ ရှိတယ်။ သည် အာရုံတွေက အဝေးကြီးက လာတာမဟုတ်ပါဘူး။ ကျွန်မတို့ နဲ့ မလှမ်းမကမ်းက လူတွေရဲ့ ဖြစ်နေကျ ကိစ္စတွေပါ။ သို့ပေသိ လှပတဲ့ အခင်းအကျင်းနဲ့ ပြတတ်လေတော့ ဖတ်ရသူမှာ အာရုံသစ် ဖြစ်ရတယ်။ တွေးတော ဆင်ခြင်စရာ ဖြစ်ရတယ်။ ဆရာရင့်က လူတွေကို “ကောက်” ယူ တတ်တယ်။ ဘဝအတွေ့အကြုံတွေထဲက ဇာတ်ကို “နှိုက်” ယူတတ်သည် ။ မြင်တတ်တဲ့ မျက်စိ၊ ကြားတတ်တဲ့ နား၊ ခံစားတတ်တဲ့ နှလုံးသား ရှိသလို ပြောရင်လည်း ဖြစ်ပါရဲ့

။ အက်ဆေးတွေ များများ ရေးခဲ့တဲ့ အက်ဆေးဆရာဆိုတော့ ကျွန်မဖြင့် ဆရာ့ဝတ္ထုတိုတွေ ဖတ်ရတာ အက်ဆေးတွေး တွေးပြီး ဝတ္ထုတို ဖြစ်အောင် ပုံဖွဲ့လေရော့လားလို့ တောင် ထင်မိတယ်။

(၄)

ဝတ္ထုတိုတွေမှာ ဇာတ်လမ်းပြောဝတ္ထုတိုနဲ့ စရိုက်အားပြုဝတ္ထုတို (ဇာတ်ကောင်တွေရဲ့ စိတ်ခံစားမှုအားပြု ဝတ္ထုတို) ရယ်လို့ နှစ်မျိုးရှိမယ် ထင်ပါတယ်။ ဝတ္ထုတို ကောင်းတစ်ပုဒ်ရဲ့ ဂုဏ်ရည်တွေလို့ ပြောရင် ဇာတ်လမ်းကောင်း၊ စရိုက်အဖွဲ့အနွဲ့ကောင်း၊ ယုတ္တိသဘာဝကောင်း၊ ဝတ္ထုတိုဖြစ်ပျက်ရာ နောက်ခံအခင်းအကျင်းကောင်း၊ စာရေးသူရဲ့ လောကအမြင်ကောင်း၊ အရေးအဖွဲ့ အသုံးအနှုန်းကောင်းတွေကို ပြောလေ့ရှိကြတယ်။ အားလုံးမဟုတ်ရင်တောင်မှ သည် အချက်တွေထဲက နှစ်ချက်သုံးချက်လောက် ပါသင့်တယ်ဆိုသူတွေလည်း ရှိတယ်။

အဖွဲ့အနွဲ့ကောင်း၊ ယုတ္တိသဘာဝကောင်း၊ ဝတ္ထုတိုဖြစ်ပျက်ရာ နောက်ခံအခင်းအကျင်း ကောင်း၊ စာရေးသူရဲ့ လောကအမြင်ကောင်း၊ အရေးအဖွဲ့ အသုံးအနှုန်းကောင်းတွေကို ပြောလေ့ရှိကြတယ်။ အားလုံးမဟုတ်ရင်တောင်မှ သည် အချက်တွေထဲက နှစ်ချက် သုံးချက်လောက် ပါသင့်တယ် ဆိုသူတွေလည်း ရှိတယ်။

ကျွန်မ ဖတ်ဖူးတဲ့ စာတစ်ပုဒ်မှာ ဥပမာ ပေးတာကတော့ “ဝတ္ထုတိုဆိုတာ လူနဲ့ ကြွက်ထောင်ချောက်ပါပဲ” တဲ့ ။ ကြွက်ထောင်သူကလည်း အချိုးပြေပါမှ ၊ ကြွက်ကလည်း ထောင်ခြောက်ထဲ ဝင်ပါမှ တဲ့ ။ ချောက်ခနဲ ကြားရလို့ ကြွက်ထောင်ချောက်ထဲမှာ ကြွက်တွေ့ ရပြီဆိုရင် ကြွက်ထောင်ခြင်းကိစ္စ အထမြောက်ပြီတဲ့ ။ သဘောက ဝတ္ထုတိုတစ်ပုဒ် ဖတ်လို့ ဖတ်သူရဲ့ ရင်ထဲမှာ သိမ့်ခနဲ ငြိပြီဆိုရင် ဝတ္ထုတို

အထမြောက်ရတာပါပဲလို့ ဆိုချင်ပုံရပါရဲ့ ။ သည် ဥပမာကို ကျွန်မစိတ်ထဲ စွဲနေတယ်။ ဆရာရင့် ဝတ္ထုတိုတွေကလည်း သည် သဘောရှိပါရဲ့ ။ အက်ဆေးဆရာရဲ့ ဝတ္ထုတိုတွေဖြစ်လို့ ဝတ္ထုတိုတွေမှာ အက်ဆေးဓာတ် ငွေ့ငွေ့သန်းနေတယ် ဆိုရင်လည်း ရှိမှာ ပေါ့လေလို့ ပဲ ပြောရမှာ ပါ။ အထူးသဖြင့် စကားပြေရေးဟန်နဲ့ ရေးတဲ့ ဝတ္ထုတို တွေမှာ ရေးဟန်သိသိသာသာ နူးညံ့သွားတာ အမှန်ပါပဲ။ ကျွန်မစိတ်ထဲ ဖြစ်နေတာများ လားတော့ မပြောတတ်ဘူး။ သတိထားမိတာ တစ်ချက်က ဇာတ်ကောင်တွေရဲ့ အဖွဲ့အနွဲ့၊ ဝန်းကျင်သဘာဝ အဖွဲ့အနွဲ့တွေကိုတော့ ဆရာက သိပ်အားပြုချင်ပုံမရဘူး။ သည့် အတွက် ဆရာက ဇာတ်ကောင်အချင်းချင်း ပြောတဲ့ ဒိုင်ယာလော့နဲ့ ဖမ်းစားတယ်။ ဇာတ်အခင်းအကျင်းနဲ့ စာဖတ်သူကို ဆွဲခေါ်တယ်။ ဘယ်လိုဖြစ်ဖြစ် အချိုးတကျ ထုဆစ်ထားတဲ့ ဝတ္ထုတိုတစ်ပုဒ်တော့ လုံးလုံးထည်ထည် ဖြစ်ရတာပါပဲ။

ကျွန်မကို တစ်ခုခု ပြောပါဆိုရင် ဆရာ့ဝတ္ထုတိုတွေ ကောင်းပါရဲ့ လို့ ပြောချင်ပါတယ်။ ဆက်ပြောပါဦး ဆိုရင်တော့ ဆရာ့အက်ဆေးတွေက သာ၍ ပို၍ ကောင်းပါရဲ့ လို့ ဖြူသောမေတ္တာနဲ့ ချစ်ခင်စွာ ပြောချင်ကြောင်းပါရှင် ...။

ခင်ခင်ထူး

၁၀-၈-၂၀၁၄

*



# စမ္မာနဂိုရ်ပြားသွားပြီ

“ပြားသွားပြီ ... အကုန်လုံး ပြားသွားပြီ”

သေချာတယ်၊ ဒါ သာဝရဲ့ အသံပဲ။ ငသောင်းတို့ ထန်းတဲမှာ ငှက်ခါး တောင်လေးနဲ့ ဆက်ရက်မင်း စည်းစိမ်ခံစားနေခဲ့တဲ့ မောင်တင့်၊ ဇော်ထွီးနဲ့ အောင်ဘုတို့ သုံးယောက် အသံကြားကြားချင်း ထွက်ကြည့်လိုက်တယ်။ သင်္ချိုင်းကုန်းကို ဖြတ်ပြီး ရွာဘက် ဖုန်တထောင်း ထောင်း ထအောင် ပြေးဝင်သွားတဲ့ သာဝရဲ့ ကျောပြင်ကိုပဲ မြင်လိုက်ရတော့တယ်။ ဒါပေမဲ့ သေချာတယ် ... ဒါ သာဝရဲ့ အသံပဲ။ သင်္ချိုင်းကုန်းကနေ အဲဒီလို ကဆုန်ပေါက်ပြေးလာရင်းက စမ္မာနဂိုရ်တစ်ရွာလုံးကို လန့်ဖျပ်သွားအောင် အော်ပစ်နိုင်တဲ့ သူဆိုလို့ ဒီရွာမှာ သာဝတစ်ယောက်ပဲ ရှိတယ်။ ဧကန္တ သာဝတစ်ယောက် သုသာန်ကျောင်းဘက်က ပြန်လာတာပဲ ဖြစ်ရမယ်။ ဟုတ်တယ်လေ ...။ အဲဒီလို သင်္ချိုင်းကုန်းကို ဖြတ်ပြေးလာရင်းက ငယ်သံငယ်ရင်းပါအောင် သာဝ အော်ဟစ်ခဲ့တာ ဒါ ပထမဆုံးအကြိမ်မှ မဟုတ်ဘဲကိုး။

*

တမြန်နှစ် မိုးအကုန် ဆောင်းဦးပေါက်လောက်က ဖြစ်မယ်ထင်တယ်။ သင်္ချိုင်းကုန်းကို ဖြတ်ပြေးလာရင်း ငယ်သံငယ်ရင်း ပါအောင် အော်ဟစ်လိုက်တဲ့ သာဝအသံကြောင့် စမ္မာနဂိုရ်တစ်ရွာလုံး အကြီးအကျယ် ထိတ်လန့်သွားခဲ့တယ်။ ဘာတဲ့ လဲ၊ ဘယ်သူပြောတာတဲ့ လဲ၊ လှိုင်းကြီးလာပြီဆိုတာ။ “တတိယလှိုင်း” ဆိုပဲ။

ဘယ်သူပြောလဲ မေးမနေနဲ့ ။ သာဝအော်သွားတာ မကြားဘူးလား။ မြန်မြန်လုပ်၊ ချောင်းညာဘက်မှာ မိုးတွေညိုနေပြီ။ ရွာအောက်ပိုင်းက ဟန်ရွှေနဲ့ ထွန်းအံ့တို့ တောင် ကောက်လှိုင်းတွေ ရွှေ့နေပြီ။ တစ်ယောက် တစ်ပေါက် ပြောရင်း စမွနဂိုရ်ရွာတစ်ရွာလုံး ကောက်လှိုင်းတွေ သယ်ကြ၊ တလင်းပြေးကြနဲ့ ရုတ်ရုတ်သဲသဲ ဖြစ်ကြတယ်။ ဟုတ်တယ်လေ …။ တ တိယလှိုင်းဆိုတဲ့ အသံကို တစ်ရွာလုံး ဘယ်သူမှ မကြားချင်တော့ဘူး။ မိုးဦးနဲ့ မိုးလယ်မှာ လှိုင်းတွေ၊ ရေတွေ နှစ်ကြိမ်တောင်ကြီးခဲ့လို့ အိမ်ခေါ င်မိုးတက်ပြီး မြွေပါးကင်းပါးနဲ့ အတူနေရ၊ ပျိုးတွေ ပြန်ပစ်ရ၊ လယ်တွေ ပြန်စိုက်ရနဲ့ ဒုက္ခသုက္ခ ရောက်ခဲ့ပြီးပြီ။ ရိတ်သိမ်းချိန်ရောက်ခါ မှ တော့ ဘယ်သူမှ ထပ်ပြီး အမြုပ်မခံနိုင်တော့ဘူး။ လှိုင်းဆိုတာ လူမဟုတ်လို့ သာပေ့ါ။ နို့မို့များ …။

ဆိုပါစို့ …။ အဲဒီညက တတိယလှိုင်းဆိုတဲ့ အသံကြောင့် စမွနဂိုရ်ရွာတ စ်ရွာလုံး ယောက်ယက် ခတ်ပြီး ခြေကုန်လက်ပန်း ကျသွားခဲ့တယ်။ အနိ မ့်ပိုင်းက ကောက်လှိုင်းတွေ အမြင့်ရွှေ့ရ၊ အောက်ဘက်က စပါးပုံတွေ အထက်ဘက်ရွှေ့ရ၊ တစ်ရွာလုံး ဖတ်ဖတ်မောသွားတယ်။ ချောင်းနားဆ င်းပြီး ရေအခြေအနေ စောင့်ကြည့်နေတဲ့ ဒူးကြီးတို့ ဆီကလည်း လူလွှ တ် မေးလိုက်တိုင်း ရေက ငြိမ်လို့ ချည်းပဲ ပြောတယ်။ တဖြည်းဖြည်း စမွ နဂိုရ်ကလူတွေ စိတ်မရှည်ကြ တော့ဘူး။ နေပါဦး၊ ဘယ်ကောင်ပြော တာလဲကွ။ တတိယလှိုင်းကြီးဆိုတာ ….။

အဲဒီည စမွနဂိုရ်ရွာသားတွေဟာ သောကနဲ့ မောရတဲ့ အထဲ ဒေါသ တွေ အလိမ့်လိမ့် တက်တော့တယ်။ စမွနဂိုရ်သူကြီး ဦးအောင်ဗလတော င်မှ မျက်ထောင့်နီရဲ လာပြီး ဖြောင်းခနဲ တက်ခေါက်လိုက်တယ်။ ပြီး တော့ …။

“သွားခေါ်စမ်း သာဝကို၊ သွားခေါ်ပြီး ခြောက်ပေါက်ထဲ ထည့်လိုက်စမ်း။”

လို့ ပြောလိုက်တယ်။

အင်မတန် ခြေမြန်လက်မြန်ရှိတဲ့ မောင်တင့်နဲ့ ဇော်ထွီးက သာဝကို ကုပ်ဆွဲခေါ် လာပြီး ခြောက်ပေါက်ထဲ ထည့်လိုက်တော့ သာဝရယ် အော်လိုက်တာလေ။ သာဝ အအော်ရပ်တော့မှ အောင်ဘုနဲ့ ထွန်းအံ့က သေသေချာချာ စစ်တော့တာ။

သာဝ အဆိုကတော့ တတိယလှိုင်း အကြောင်းပြောတာ သူ မဟုတ်ပါဘူး။ ကိုဟန်တင်ဆိုလား၊ ဟာဗားနား ဆေးပြင်းလိပ်ခဲထားတဲ့ ပါမောက္ခကြီးက ပြောတာပါတဲ့ ။ ဒါဆို အဲဒီ ကိုဟန်တင် ဆိုတဲ့ လူ သွားခေါ်စမ်းဆိုတော့ ကိုဟန်တင်ကို သူ မသိပါဘူးတဲ့ ။ ကိုဟန်တင်တို့၊ တောဖလားတို့ ရေးတဲ့ စာတွေကို သုသာန်ကျောင်းက ကပ္ပိယစိန်ပေါက်က ဖတ်ပြီး သူ့ကို ပြန်ပြောပြတာပါတဲ့ ။ အစကတော့ တတိယလှိုင်းကို စပြောတာ “တောဖလား” ပါတဲ့ ။ နောက်မှ ကိုဟန်တင်က ပြောတာတဲ့ ။ ဒါပေမဲ့ ကိုဟန်တင်ပြောတာနဲ့ တောဖလားပြောတာနဲ့ မတူဘူးတဲ့ ။ ကိုဟန်တင် ဆိုတာကလည်း “ယဉ်ကျေးမှုတွေဟာ ကြီးတော်တို့ အိမ်က ချိုကုပ်နဲ့ ချိုထောင်လို ဗေ့ခတ် တိုးတိုက်ကုန်ပြီ” လို့ ပြောခဲ့တဲ့ လူပါပဲတဲ့ ။

သာဝပြောတာတွေကို သူကြီးအောင်ဗလက နားထောင်ပြီး စိတ်တိုသထက် တိုလာတယ်။ ဒီကောင် အစကတည်းက “မရူးမကောင်း” ဆိုတာလည်း တစ်ရွာလုံးအသိ။ သူကြီး စိတ်တိုတိုင်း “နားပန်ကျင်း” နေရပြန်ရင်လည်း သာဝ အရိုးနဲ့ အရေပဲ ကျန်တော့မယ်။

“ကိုင်း … သွားခေါ်စမ်းကွာ … သုသာန်ကျောင်းက ကပ္ပိယ စိန်ပေါ

က် ဆိုတဲ့ လူကို”

ဒါမျိုးဆို အလွန်ဖင်ပေါ့တဲ့ မောင်တင့်နဲ့ ဇော်ထွီးက ထလိုက်တော့ အောင်ဘုက သူလည်း လိုက်မယ်ဆိုပြီး ထလိုက်သွားတယ်။ ဟန်ရွှေနဲ့ ထွန်းအံ့တို့ က သူကြီးမျက်နှာရိပ် မျက်နှာကဲ လှမ်းကြည့်လိုက်ပြီး စိန်ပေါက်အတွက် ခြောက်ပေါက်တစ်ခု အသင့်လုပ်ထားလိုက်သည် ။ စမ္ပာနဂိုရ် ရွာသားတွေလည်း ပွဲကောင်းကြည့် ရတော့မယ်ဆိုပြီး စောင့်စားနေခဲ့ကြတယ်။

ဟော ... လာပြီ။

ကွမ်းနှစ်ယာညက်လောက်အကြာမှ ရွာသားတွေကြားကနေ တိုးဝှေ့ဖြိုခွဲပြီး လူတစ်ယောက် ဝင်လာတယ်။ အသားညိုညို၊ မျက်မှန်ထူထူ၊ မုတ်ဆိတ်ကျင်စွယ်နဲ့ အသက် ၄၀ အရွယ် လူတစ်ယောက် ဝင်လာတယ်။ သူ့နှာခေါင်းပေါ် လျှောကျနေတဲ့ မျက်မှန်ထူထူကြီးကလွဲရင် သူ့ပုံစံက စမ္ပာနဂိုရ်သားတွေနဲ့ သိပ်မထူးပါဘူး။ သိတဲ့ အတိုင်း ... ဒီမှာ က ဒီလို ပုလင်းဖင်ကွဲလောက် မျက်မှန်ကြီးကို ဘယ်သူမှ မတပ်ခဲ့ကြပါဘူး။ ရွာသားတွေက သူကြီးရဲ့ ဒေါသအိုး ပေါက်ကွဲထွက်မယ့် အချိန်ကို ငံ့လင့်နေတုန်းမှာ ပဲ သူကြီးဆီက အသံထွက်မလာဘဲ ထူးဆန်းလှစွာ မျက်မှန်ကြီးဆီက အသံထွက်လာခဲ့တယ်။

“ဦးလေးအောင်ဗလ မဟုတ်လား၊ ကျွန်တော် ဦးလေး သူငယ်ချင်းကိုဆင်ပေါက် သားလေ”

“ဟေ”

အောက်လင်းမီးရောင်ထဲ စိန်ပေါက်မျက်နှာကို ထင်းထင်းမြင်ဖို့ စူးစိုက်ကြည့်နေတဲ့ သူကြီးမျက်နှာကြီး အဲဒီတစ်ခွန်းနဲ့ ပဲ ဝင်းခနဲ လက်သွားတယ်။ ထင်တော့ ထင်သား။ လက်စသတ်တော့ ဆင်ပေါက်သားကိုး။

ကိုစိန်ပေါက် ပြောတာကတော့ တတိယလှိုင်းဆိုတာ စမွနဂိုရ် ရေကြီးတာကို ဆိုလိုတာ မဟုတ်ပါဘူးတဲ့ ။ အယ်ဗင်တော်ဖလာက လှိုင်းသုံးလှိုင်းအကြောင်း စပြောခဲ့ပြီး နောက်မှ ဟားဗတ်တက္ကသိုလ်ပါ မောက္ခ ဟန်တင်တန်က တတိယလှိုင်းအကြောင်း ပြောတာပါတဲ့ ။ အဲဒီ ဧရာမ ပုဂ္ဂိုလ်ကြီးတွေရဲ့ အင်မတန် ခမ်းနားကြီးကျယ်တဲ့ ဟောချက် တွေကို ကျွန်တော်တို့ ရဲ့ "စာတော်ပြန်" တွေက အသေအချာ စောင့်ကြ ည့်ပြီး သူတို့ အနက်ပေါက်သလို ဖြည့်စွက်မွမ်းမံ ပြန်ဆိုပါသတဲ့ ။ အဲဒါ ကို ကပ္ပိယစိန်ပေါက်က စောင့်ဖတ်ပြီး သာဝရှေ့ လွှတ်ခနဲ ပြောမိလိုက် ရာက ခုလို အုတ်အော်သောင်းတင်း ဖြစ်ခဲ့ရတာပါတဲ့ ။ လှိုင်းဆိုတာ တ ကယ်တော့ ပညာရှင်ကြီးတွေက လူ့အဖွဲ့အစည်းကို ပိုင်းခြားသုံးသပ်ပြီး ပြောတာပါတဲ့ ။

ကိုစိန်ပေါက် ပြောလိုက်တာက တစ်မျိုး၊ သာဝနားလည်သွားတာက တစ်မျိုး ဖြစ်တာဟာ "ပါရာဒိုင်း" ရွေ့သွားတဲ့ သဘောပါတဲ့ ။ ဒါမျိုး က မ္ဘာမှာ မဆန်းတော့ပါဘူး။ စမွာနဂိုရ်မှာ သာ ဆန်းနေတာပါတဲ့ ။ သို့ သော် ကမ္ဘာဆိုပေမယ့်လည်း ကမ္ဘာဟာ စမွာနဂိုရ်လို ရွာကြီးတစ်ရွာ ဖြ စ်နေပါပြီတဲ့ ။ ဂလိုဘယ်ခေတ်မှာ ကမ္ဘာဟာလည်း "ဂလိုဘယ်ဘဲလိချ်" ဆိုလား ဖြစ်သွားပါပြီတဲ့ ။

စိန်ပေါက်က "ဂလို" ပြောလိုက်တာကို သူကြီးနဲ့ ရွာသားတွေက ရ တ်တရက် နားမလည်နိုင်လိုက်ပေမယ့် စကားလုံး မျက်လှည့်ဆရာတွေ ရဲ့ လက်ထဲမှာ "ဟော့ ... ကမ္ဘာကြီးဆိုတာ တို့ စမွာနဂိုရ်လို ရွာကြီးတစ်ရွာဆိုပဲကွ" လို့ ကိုယ့်မွေးရပ်ဇာတိမြေအတွက် ကိုယ်စီကိုယ် စီ အားမနာတမ်း ဂုဏ်ယူလိုက်ကြပြီး မောမောနဲ့ ပြန်အိပ်ခဲ့ကြတယ်။ သူကြီး ဦးအောင်ဗလကတော့ ပြောလိုက်သေးတယ်။

"အေးပါ … မောင်စိန်ပေါက်ရာ၊ နောက်ဆို မင်းဖတ်ထား၊ မှတ်ထားတာလေး ပြန်ပြောချင်ရင် တို့ ရွာက ဥပုသ်ကျောင်းကို လာခဲ့ပါကွာ၊ သာဝရှေ့တော့ အထူးအဆန်းတွေကို အရမ်းအရမ်း မပြောလိုက်ပါနဲ့ "

သူကြီးရဲ့ အဲဒီစကားတစ်ခွန်းတည်းနဲ့ ကပွယစိန်ပေါက်က စမ္ပနဂိုရ်မှာ တော်တော် လူရာဝင်သွားတယ်။ သူကြီးရဲ့ ခြောက်ပေါက်ကို ပြန်လည်နေရာ ချထားနေတဲ့ မောင်တင့်၊ ဇော်ထွီးနဲ့ အောင်ဘုတို့ က စိန်ပေါက်ရဲ့ မျက်နှာကို အထင်ကြီး လေးစားတဲ့ မျက်လုံးတွေနဲ့ ကြည့်လိုက်တယ်။ တကယ်တော့ သူတို့ သုံးယောက်စလုံးက ထစ်ခနဲရှိ တုတ်ဆွဲ၊ ဓားဆွဲ ဗလအားကိုး မိုက်လွန်းလို့ သူကြီးက အသာချော့ပြီး လက်သပ်မွေးထားတာ။ ဗလကြီး ခေါင်းသေးဆိုပေမယ့် သူတို့ လည်း လူရာဝင်ချင်ကြတယ်။ တစ်နေ့ တစ်နေ့ ငသောင်းထန်းတဲမှာ ချည်း အချိန်ကုန်နေတာနဲ့ စာရင် ကိုစိန်ပေါက်ဆီ တပည့်ခံရကောင်းမလား စဉ်းစားကြတယ်။ သူတို့ အတွက် စိန်ပေါက်က "ဟီးရိုး"။

*

စိန်ပေါက်ဆိုတာ တကယ်တော့ သူကြီးအောင်ဗလတို့ ရဲ့ သူငယ်ချင်း ကိုဆင်ပေါက်ရဲ့ တစ်ဦးတည်းသော သားပဲ။ သူ့အဖေ ကိုဆင်ပေါက်က သား စိန်ပေါက်ကို စမ္ပာနဂိုရ်ရွာကျောင်းမှာ လေးတန်းအထိ "တန်းကုန်" အောင်ထားခဲ့ပြီး လိမ္မာအောင်၊ ယဉ်ကျေးအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပျံလွန်တော်မူခဲ့တဲ့ ဆရာတော် ဦးသောဘိတကျောင်းမှာ နမက္ကာရ၊ ပရိတ်ကြီး၊ ရတနာရွှေချိုင့်၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း စတာတွေ သင်ကြားစေခဲ့တယ်။ ဦးပဉ္စင်းလေး ဣန္ဒာဝသကလည်း ဆရာတော် ခိုင်းတဲ့ အတိုင်း စိန်ပေါက်ကို ကိုယ်ဖိရင်ဖိ သင်ပေးတယ်။ သင်္ကြိုဟ် ကိုးပိုင်းတက်မယ့်အချိန်လည်း ရောက်ရော စိန်ပေါက်လည်း

ရွာကနေ ထွက်ပြေးသွားရောဆိုတော့ သူ့အဖေ ကိုဆင်ပေါက်ဟာ အကြီးအကျယ် ဒေါသူပုန်ထသွားခဲ့တယ်။ စိန်ပေါက်တစ်ယောက် မြို့ပေါ်မှာ ပညာဆက်သင်သလား၊ မသင်ဘူးလား အသေအချာ မသိရပေမယ့် မြို့ပေါ်မှာ ပဲ အိုးအိမ်ထူ၊ အိုးအိမ်ပျက် ဖြစ်ခဲ့တာတွေကို ရွာက သဲ့သဲ့ကြားခဲ့ရတယ်။ အနှစ် နှစ်ဆယ်နီးပါးကြာလို့ စိန်ပေါက်တစ်ယောက်ဟာ ရွာကို ပြန်ရောက်လာတဲ့ အခါမှာ တော့ သူ့အဖေ ကိုဆင်ပေါက် မရှိရှာတော့ဘူး။ လယ်တွေ၊ ကိုင်းတွေလည်း မရှိတော့တာနဲ့ စိန်ပေါက်ဟာ စမ္ပာနဂိုရ်ရွာကို ပြန်မလာဖြစ်တော့ဘဲ သုသာန်ကျောင်းက သူ့ဘထွေး ဘုန်းကြီးအိုကြီးဆီမှာ ပဲ က ပ္ပိယ လုပ်နေတော့တယ်။

သုသာန်ကျောင်းဆိုပေမယ့် သဲပွက်၊ ရိုးဖျား၊ အုန်းပင်စု ရွာတွေနဲ့ သူ့ဂေါစရဂါမ်နဲ့ သူ ရှိနေတာ တစ်ကြောင်း၊ သုသာန်ကျောင်းနဲ့ စမ္ပာနဂိုရ်ရွာအကြား သင်္ချိုင်းကုန်းတစ်ခု ခြားနေတာတစ်ကြောင်းကြောင့် စမ္ပာနဂိုရ်က လူတွေဟာ သုသာန်ကျောင်းဘက် အရောက်အပေါက် နည်းတယ်။ သုသာန်ကျောင်း ဘုန်းတော်ကြီးနဲ့ ဆွေရိပ်မျိုးရိပ် မကင်းတဲ့ သာဝတစ်ယောက်သာပဲ မကြာမကြာ သွားရာက ကပ္ပိယစိန်ပေါက်နဲ့ ရင်းနှီးပြီး မထော်မနမ်း ပြန်ပြန်အော်နေတာ။

ခက်တာက သာဝဟာ ငယ်ငယ်ကတည်းက ဝမ်းတွင်းရှူးဆိုတော့ကာ စိန်ပေါက်က ထူးထူးဆန်းဆန်း တစ်ခု ပြောလိုက်တာနဲ့ ချက်ချင်း သင်္ချိုင်းကုန်းကို ဖြတ်ပြေးပြီး ငယ်သံငယ်ရင်း ပါအောင် အော်တော့တာ။ တစ်ခါလည်း ...

“ပြိုသွားပြီ ... ပြိုသွားပြီ”

သာဝ အော်ပြေးလာတာ မြက်ရိတ်သွားရာက ပြန်လာတဲ့ ဒူးကြီးတို့ တစ်သိုက်က ကြားမိလိုက်တာနဲ့ ဦးပဥ္စင်းလေး ဣန္ဒာဝသရဲ့ ဆွမ်းစား

ကျောင်းဆီ ပြေးကြတာပေါ့။ စမ္ပာနဂိုရ်မှာ ပြိုကျလုဆဲဆဲ အဆောက်အအုံဆိုလို့ ဦးပဍ္ဍင်းလေးရဲ့ ဆွမ်းစားကျောင်းပဲရှိတာ။ ဘုန်းကြီး ဦးသောဘိတ ပျံလွန်တော် မမူခင်ကတည်းက ဆွမ်းစားကျောင်း ပြင်ပေးဖို့ သူကြီး အောင်ဗလကို တဖွဖွ ပြောနေခဲ့တာ။ ခု ဦးပဍ္ဍင်းလေး လက်ထက်ရောက်တော့လည်း မပြင်ဖြစ်သေးဘူး။ တစ်နှစ်ပြင်မယ်၊ တစ်နှစ်ပြင်မယ်နဲ့ ခုတော့ ပြင်ရင်လည်း ဘာမှ မထူးဘူး။ ပြန်ဆောက်မှ ကို ဖြစ်တော့မှာ ။ အဲဒီတော့ ပြောရရင် ရွာမှာ ပြိုကျတော့မယ့် အဆောက်အအုံဆိုလို့ ဆွမ်းစားကျောင်းပဲ ရှိတော့ ဒူးကြီးတို့ က အဲဒီကို စိုးရိမ်တကြီး ပြေးကြည့်တာပေါ့။ မရှေးမနှောင်း ဆိုသလိုပဲ သူကြီးလွှတ်လိုက်တဲ့ ဇော်ထွီးတို့ ၊ အောင်ဘုတို့ လည်း ရောက်လာတော့တာပေါ့။

ဆွမ်းစားကျောင်း ဘာမှ မဖြစ်ဘူးဆိုတာလဲ သေချာရော ရွာကို ထိတ်လန့်အောင် လုပ်ခဲ့တဲ့ သာဝတစ်ယောက်လည်း သူကြီး အိမ်က ခြောက်ပေါက်ထဲ ဝင်ရပါလေရော။ သာဝ မျက်ရည်လည်ရွဲနဲ့ ဖြစ်နေတာကို ဇော်ထွီးနဲ့ အောင်ဘုက ကြည့်ကောင်းကောင်း နဲ့ အားရအောင် ကြည့်နေသေးတယ်။

ပြီးတော့မှ မေးတယ်။

“ဆွမ်းစားကျောင်း ဘာမှ မဖြစ်ဘဲနဲ့ ၊ နေပါဦး ... မင်းက ဘာပြိုလို့ အော်ပြေးတာလဲ”

“ဆွမ်းစားကျောင်း မပြိုပါဘူးဗျ၊ ပြိုတာက ဘာလင်တံတိုင်းပါဗျ”

“ဟေ ... ဟုတ်လား၊ ဘာတင်တံတိုင်းက ဘယ်တုန်းက ပြိုသွားတာလဲ”

အမှန်တော့ ဇော်ထွီးနဲ့ အောင်ဘုတို့ က ဘာလင်တံတိုင်းဆိုတာ ဘယ်နားရှိလဲ သေသေချာချာ သိတာ မဟုတ်ဘူး ။ သာဝလို ဝမ်းတွင်းရှူးက

သိပြီး၊ သူတို့ က မသိဘူးဆိုရင် ညှံ့ရာကျမှာ စိုးလို့ မေးမိမေးရာ လျှောက်မေးနေတာ။ သာ၀က ခြောက်ပေါက်ထဲ နေရတဲ့ ကောင် ဆိုတော့ ရှိရှိသေသေ ဖြေတာပေါ့။

"ဘာလင်တံတိုင်း ပြိုသွားတာ ဆယ့် ... ဆယ့်ရှစ်နှစ်လောက် ရှိပြီဗျ"

"နင့်မေကလွှား ... ဆယ့်ရှစ်နှစ်က ကိစ္စ ခုမှ ဘာလို့ ထအော်နေတာလဲ" မေးပြန်ရော။

"ဒါ ... ဒါတော့ ဘယ်သိမလဲဗျ၊ ဖွတ်ကလိရာမ ဒါပဲ ပြောနေတဲ့ ဟာကို"

ဇော်ထွီးနဲ့ အောင်ဘုတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြတယ်။ ဘယ်သူလဲ။ "ဖွတ်ကလိရာမ" ဆိုတာ ဘယ်သူလဲ။ သူတို့ နှစ်ယောက် ဧရာမ အကျပ်အတည်း ဖြစ်နေတာကို ရိပ်မိတဲ့ ဒူးကြီးက စဉ်းစဉ်းစားစားနဲ့ ထင်မြင်ချက် ပေးလိုက်တယ်။

"ဖွတ်ကလိရာမဆိုတာ ကြိုးကြာကွင်းက အင်ဒူစမြားရဲ့ ယောက်ဖကိုရာမ ပြောတာ ဖြစ်မှာ ပေါ့"

အဲဒီတော့ ဇာတ်လမ်းက ပိုရှုပ်ကုန်တယ်။ သူကြီး အချိန်မီရောက်လာခဲ့ပြီး မေးတော့မှ ဖွတ်ကလိရာမဆိုတာ စိတ်ပေါက်ပြောတာတွေကို သာ၀က နားစွန်နားဖျားကြားပြီး ထင်ရာမြင်ရာ တွေကို လျှောက်အော်နေတာလို့ သိလိုက်ရတယ်။

"ကဲ ... စိန်ပေါက် ခေါ်ချေစမ်းကွာ"

ဆိုတော့ ဇော်ထွီးနဲ့ အောင်ဘုတို့ သုသာန်ကျောင်းဘက် ပြေးရပြန်တယ်။

စိန်ပေါက် ရောက်လာတော့မှ ပဲ ဖွတ်ကလိရာမဆိုတာ အင်ဒူစမြား ယောက်ဖ ကိုရာမ မဟုတ်ဘဲ နိုင်ငံရေးသိပ္ပံပါရဂူကြီး ဖရန်စစ်ဖူကာ ယားမားဆိုတဲ့ ပုဂ္ဂိုလ်ကြီးလို့ သိလိုက်ရတာ။ အံမာ အဲဒီ ဧရာမကြီးက တယ်စွမ်းသတဲ့ ။ သူကြီးလည်း အံ့ဩလွန်းလို့ မျက်လုံးကြီး ပြူးကြည့် နေလိုက်တယ်။

စိန်ပေါက် တစ်ခေါက်လာလိုက်တာနဲ့ မကြားဖူးတာ တစ်ခါ ထပ်ကြားရ၊ တစ်ခါ ဗဟု သုတ တိုးရဆိုတော့ သူကြီး စဉ်းစားတယ်။ စိ န်ပေါက်ကို ဥပုသ်ကျောင်းသာမက ရွာထဲမှာ အလှူအတန်းရှိရင်လည်း လာဖို့ ဖိတ်ထားရ ကောင်းမလားပေ့ါ။ တစ်ချိန်တည်းမှာ ပဲ ဇော်ထွီးနဲ့ အောင်ဘုတို့ ကလည်း စိန်ပေါက်ဆီ တပည့်ခံထားရင် နောက်တစ်ခါ အ ခုထက်ပိုပြီး လူရာဝင်မလား စဉ်းစားကြသတဲ့ ။ ဇော်ထွီးက မောင်တင့် နဲ့ အတူ မြို့ကျောင်းမှာ ခုနစ်တန်းလောက်အထိ ဒွတ်ဒက်ရွက်ယှက် လု ပ်ခဲ့ဖူးသေး မဟုတ်လား။

ဒီလိုနဲ့ မောင်တင့်၊ ဇော်ထွီးနဲ့ အောင်ဘုတို့ သုံးယောက်ဟာ ပညာရှိ စိန်ပေါက်ဆီမှာ တပည့်ခံဖို့ အခွင့်အရေး ရသွားတယ်။ ဥပုသ်နေ့တို့ ၊ အ လှူအတန်း ရွာထဲမှာ လုပ်တဲ့ နေ့တို့ ဆို သူတို့ သုံးယောက် စိန်ပေါက်ကြီးအနားကကို မခွာတော့ဘူးတဲ့ ။ တောက်တဲ့ ကပ် ကပ်ပြီး စိန်ပေါက် ပြောသမျှ လိုက်မှတ်နေတော့တာ။ တချို့နေ့များ ဆို သုသာန် ကျောင်းပဲ သွားနေတော့တာ။ စိန်ပေါက် ရောက်မလာနိုင်တဲ့ ဥပုသ်နေ့ တွေကျတော့ ဥပုသ်ကျောင်းမှာ သူတို့ သုံးယောက်က တော်တော်စွာ ဆို ပဲ။ ဒွတ်ဒက် ရွတ်ယှက်နဲ့ ပြောနေလိုက်တာများ စမ္ပာနဂိုရ်တစ်ရွာလုံးက ငေးကြည့်နေရတာတဲ့ ။

တစ်လောကတော့ ဥပုသ်ကျောင်းကို စိန်ပေါက် ရောက်မလာနိုင်တဲ့

နေ့တစ်နေ့မှာ ဇော်ထွီးတို့ သုံးယောက် "သံလွင်ပင် လက်လီလက္ကား စပ်ရောင်း" တဲ့ ဖရိုင်းမင်း အကြောင်းပြောတာ တော်တော် နားထောင်ကောင်းသတဲ့ ။

ဖရိုင်းမင်းဆိုလို့ ဇော်ထွီးက သူ့လူတွေကို -

"မင်းတို့ က ဖရိုင်းမင်း ... ဖရိုင်းမင်း ဆိုပြီး လူတွေ နားရှုပ်အောင် မပြောပါနဲ့ ကွာ" လို့ ပြောသတဲ့ ။

မောင်တင့်က -

"ဒါဆို ဖရိုင်းမင်းကို ဘယ်လိုပြောမလဲ" ဆိုတော့ ...

ဇော်ထွီးက "ဖရိုင်းဒ်ဆိုတာ ကြော်တာလေကွာ၊ ဖရိုင်းဒ်မင်းဆိုတော့ အကြော်ကြော်တဲ့ လူ ... အကြော်သည် ပေါ့" လို့ ပြောလိုက်တယ်။

ဒါကို အားကျတဲ့ မျက်လုံးတွေနဲ့ ငေးကြည့်နေတဲ့ ဟန်ရွှေနဲ့ ထွန်းအုံ့က "ဇော်ထွီးတော့ တော်တော်တောင် တတ်နေမှ ပဲ" ဆိုပြီး အထင်ကြီးလေးစားတဲ့ မျက်လုံးတွေနဲ့ ပြူးကြည့်နေခဲ့သတဲ့ ။ အဲဒီနေ့က စိန်ပေါက် ရောက်မလာခဲ့ပေမယ့် စမ္ပနဂိုရ်ရွာသားတွေ ကောင်းကောင်း ကြီး ဗဟုသုတ ရသွားကြတယ်လေ။

*

"ပြားသွားပြီ ... အကုန်လုံး ပြားသွားပြီ"

သင်္ချိုင်းကုန်းဘက်ကနေ ရွာထဲ အော်ပြေးလာတဲ့ သာဝကို ဟန်ရွှေနဲ့ ထွန်းအုံ့က ဆီးဖမ်းလိုက်ပြီး သူကြီး ဦးအောင်ဗလဆီ ခေါ်သွားတယ်။ အမှန်က သူကြီး စဉ်းစားနေတာ။ တစ်ခါတုန်းကလည်း သာဝက ပြုသွားပြီလို့ အော်ခဲ့ဖူးတယ်။ ဒါပေမဲ့ ဆွမ်းစားကျောင်း မဟုတ်ခဲ့ဘူး။ ဘာလင်တံတိုင်းတဲ့ ။ ဒီတစ်ခါတော့ ပြားသွားပြီတဲ့ ။ ပြားသွားနိုင်တာ

လည်း ဒီရွာမှာ ဦးပဥ္စင်းလေးရဲ့ ဆွမ်းစားကျောင်းပဲ ဖြစ်ရမယ်။ သာဝ ရောက်လာတော့ ငိုသံပါကြီးနဲ့ ပြောတော့တယ်။

“သူကြီးရေ ... ဒီတစ်ခါ ပြားသွားတာလည်း ဆွမ်းစားကျောင်း မဟု တ်ဘူး ဗျ ... ဒီတစ်ခါ ပြားသွားတာကတော့ ကမ္ဘာကြီးဗျ”

ကမ္ဘာကြီး လုံးနေတယ်လို့ တစ်သက်လုံး သင်ကြားမှတ်သားခဲ့တဲ့ သူကြီးက ဘယ်လက်ခံနိုင်ပါ့မလဲ။ ဟန်ရွှေနဲ့ ထွန်းအံ့ကလည်း လက်မ လျှော့ဘူး။ သာဝကလည်း ဒီတစ်ခါ မခံဘူး။

“ကမ္ဘာကြီးဟာ ရိုက်ချက် ၁၀ ချက်ကြောင့် ပြားသွားတာပါ” လို့ သာ ဝက ဆက်ပြောနေတော သူကြီးက လုံးဝ လက်မခံဘူး။

“နင့်အမေက လွှားတဲ့ မှ ပဲ။ တစ်သက်လုံး လုံးနေတဲ့ ကမ္ဘာကြီးဟာ ဆယ်ချက်မကလို့ အချက်တစ်ရာပဲ ရိုက်ရိုက် နံပြားမှ မဟုတ်ဘဲ၊ ဘာလို့ ပြားရမှာ လဲ” ဆိုပြီး သာဝကို ဖြောင်းခနဲ နားရင်းအုပ်ပစ်လိုက်တယ်။

သာဝက သူ့နားထင်သူ လက်ဝါးနဲ့ အသာအုပ်ရင်း -

“အံမယ်လေးဗျာ ... ကျွန်တော်ပြောတာ မဟုတ်ပါဘူးဗျာ” နဲ့ ထုံးစံ အတိုင်း လုပ်ပြန်တယ်။ ဒါဖြင့် ဘယ်သူ ပြောတာလဲဆိုတော့ -

ဂျာနယ် လက်ပွေ့ရောင်းတဲ့ လူ ...၊ နေပါဦး သူ့နာမည်ကို ရုတ်တရ က် မေ့နေလို့ ။ အဲဒီလူက ၁၉၈၉ ခုနှစ်ကတည်းက ကမ္ဘာမှာ “တံတိုင်း တွေ ပြို၊ ဝင်းဒိုးတွေ ပွင့်” ခဲ့တာတဲ့ ။ အဲဒါ ပထမရိုက်ချက်။ “သြော် ... ပြောတဲ့ လူ သတိရပြီ။ ဂျာနယ်လက်ပွေ့ရောင်းတဲ့ ဖရိုင်းမင်းတဲ့ ”။

အဲဒီလိုပြောတာကိုပဲ ငသောင်းရဲ့ ထန်းတဲကနေ ပြန်ရောက်လာတဲ့ မောင်တင့်၊ ဇော်ထွီးနဲ့ အောင်ဘုတို့ က ကြားသွားတယ်။ ဖရိုင်းမင်းဆို တာ ဂျာနယ် လက်ပွေ့ရောင်းတဲ့ သူ မဟုတ်ဘဲ

ဂျာနယ်လစ်တစ်ဦးဖြစ်ကြောင်း၊ သူရဲ့ နာမည်ကို တိုက်ရိုက် မြန်မာမှုပြုရင် "အကြော်သည် " လို့ အဓိပ္ပာယ်ရကြောင်း ဇော်ထွီးက ပြောတယ်။ အဲဒီမှာ တင် စိန်ပေါက်ကို ဆရာတင်ခဲ့တဲ့ သာဝက သူ့နောက်မှ ဆရာတင်ခွင့်ရတဲ့ ဇော်ထွီးက သူ့ထက်ကျော်ပြီး တတ်နေ၊ သိနေရကောင်းလားဆိုပြီး အကြီးအကျယ် "ဒီဘိတ်" လုပ်တော့တယ်။ ဇော်ထွီးကတော့ ဖရိုင်းမင်းကို အကြော်သည် လို့ မြန်မာမှု ပြုလိုက်နိုင်တဲ့ အတွက် စမ္ပာနဂိုရ်မှာ (စိန်ပေါက်ကလွဲရင်) သူ့လောက်တတ်တဲ့ လူ တစ်ယောက်မှ မရှိတော့ဘူးဆိုတဲ့ မျက်နှာမျိုးနဲ့ အပေါ်စီးကလေ။

ကမ္ဘာကြီး ပြားသွားတယ်ဆိုတာကို ဘယ်လိုမှ လက်မခံနိုင်တော့တဲ့ သူကြီး ဦးအောင်ဗလကတော့ "နားပူ" မခံနိုင်တော့တဲ့ အဆုံး "သွားကြစမ်း ... သွားကြစမ်း ... သုသာန်ကျောင်း သွားကြစမ်းကွာ" လို့ သူ့တပည့်တွေကို မောင်းထုတ်လိုက်တော့တယ်။

နွေဦးရာသီရဲ့ တစ်ခုသော နေ့ရက်မှာ ဦးပဉ္ဇင်းလေး ဣန္ဒဝသရဲ့ ဆွမ်းစားကျောင်းဟာ တအိအိ ပြိုကျသွားခဲ့တယ်။ အဲဒီနေ့မှာ သာဝလည်း ငယ်သံငယ်ရင်းပါအောင် မအော်ခဲ့ဘူး။ တစ်ရွာလုံးလည်း အထိတ်တလန့် မဖြစ်ခဲ့ဘူး။ ဆွမ်းစားကျောင်းကတော့ မြေပေါ်မှာ အပုံလိုက် ပြိုကျပိပြားသွားခဲ့ပြီ။

ဘာလင်တံတိုင်း ပြိုသလောက် အုတ်အော်သောင်းတင်း မဖြစ်ခဲ့ဘူး။ ကမ္ဘာကြီး ပြားသွားသလောက် ထိတ်လန့်တကြား မရှိခဲ့ဘူး။ စမ္ပာနဂိုရ်ကို အင်မတန် သံယောဇဉ်ကြီးတဲ့ သူကြီး ဦးအောင်ဗလကတော့ အိုမင်းမစွမ်း ဖြစ်လာတဲ့ အချိန်ကျမှ ကျောင်းကြီး ပြိုသွားခဲ့တာကို ကြည့်ပြီး စိတ်လက်မချမ်းမသာ ဖြစ်ပြီး -

"မင်းတို့ လူငယ်တွေ ကြည့်လုပ်ကြစမ်းပါဦးကွာ ..." လို့ စိန်ပေါက်၊

မောင်တင့်နဲ့၊ ဇော်ထွီးတို့ အဖွဲ့ကို လွဲအပ်လိုက်တယ်။

ပြောရရင် အဲဒီလို လွှဲအပ်လိုက်တဲ့ အကြောင်းတွေ ရှိတယ်။

ဆွမ်းစားကျောင်း ပြိုမသွားခင် လေးငါးလလောက်ကတည်းက စမ္မာနဂိုရ် ကာလသား တော်တော်များများ ဟာ သုသာန်ကျောင်းက ကပ္ပိယစိန်ပေါက်ရဲ့ အန္တေဝါသိက တပည့်တွေ ဖြစ်သွားခဲ့တယ်။ စမ္မနဂိုရ်ရဲ့ အစဉ်အဆက် တစ်ခါမှ မကြားခဲ့ဖူးတဲ့ စကားလုံးတွေကိုလည်း စမ္မနဂိုရ် ကာလသားတွေ ကိုယ်တိုင် လှိုင်လှိုင်ကြီး သုံးစွဲပြောဆိုတတ်နေပြီ။ သူကြီး အောင်ဗလတို့လို လူကြီးပိုင်းက ကြားရတာ နားယားလှပါပြီဆိုတဲ့ သိုးဆောင်းလိုလို၊ ပါဠိလိုလို၊ ပေါရာဏလိုလို၊ မဂဓလိုလို ပဋ္ဌလက်ဆန်ဆန် စကားလုံးတွေကို သုံးစွဲပြောဆိုနေကြပြီ။

ဒီတော့ သူကြီးအောင်ဗလက “လုပ်ကြည့်စမ်းလကွယ်” ဆိုတဲ့ သဘောနဲ့ “ကြည့်လုပ်စမ်းပါ” လို့ လွှဲအပ်လိုက်တာလေလား။

ဘာပဲဖြစ်ဖြစ် ကပ္ပိယစိန်ပေါက်က သူကြီးပေးတဲ့ အာဏာနဲ့ စမ္မာနဂိုရ်ရွာသားတွေကို ဆွမ်းစားကျောင်းနေရာမှာ လာရောက်စုရုံးဖို့ ဆင့်ခေါ်လိုက်တယ်။ မောင်တင့်၊ ဇော်ထွီးနဲ့ အောင်ဘုတို့ က ရွာဖျား၊ ရွာဆုံး လိုက်လံပြီး “ဗျိုးဟစ်” လိုက်တယ်။ ဟန်ရွှေနဲ့ ထွန်းအံ့က မောင်းတဒူဒူ ထုပေးတယ်။

ဆွမ်းစားကျောင်း ပြန်ဆောက်ဖို့ ကိစ္စအတွက် စုရုံးသိနေကြတဲ့ စမ္မနဂိုရ်ရွာသားတွေက ပေါက်တူးတွေ၊ ဓားတွေ၊ တူရွင်းတွေ ကိုင်စွဲပြီး ဆွမ်းစားကျောင်းဘက် ရောက်လာကြတယ်။

လူတော်တော် စုံပြီဆိုတာနဲ့ ကပ္ပိယစိန်ပေါက်က ပရိတ်သတ်ရှေ့မှာ မတ်တတ်ရပ်ပြီး ချောင်းဟန့်လိုက်တယ်။ စမ္မနဂိုရ်ရွာသားတွေက ဘယ်သူ ဝါးခုတ်ရမလဲ။ ဘယ်သူ ဓနိပျစ်ရမလဲ၊ ဘယ်သူ တိုင်တွင်းတူးရမလဲ။

ဘာပဲဖြစ်ဖြစ် ကပ္ပိယ စိန်ပေါက် တာဝန်ပေးရင်တော့ တို့ ဦးပဥ္စင်းလေးကျောင်း ပြန်ကောင်းဖို့ ကိစ္စ လုပ်ရတော့မှာ ပဲလို့ မျှော်လင့်နေခဲ့ကြတယ်။ ဒါပေမဲ့ …

"စမွနဂိုရ်ရွာသားတို့ ၊ ဘာလင်တံတိုင်းကြီး ပြိုကျသွားခဲ့ပြီး နှစ်ပေါင်း နှစ်ဆယ်နီးပါး အကြာမှာ ကမ္ဘာကြီးဟာ ပြားသွားတဲ့ အတွက် ဦးပဥ္စင်းလေးရဲ့ ဆွမ်းစားကျောင်း ပြိုကျသွားခဲ့တာဟာ မဟာပြိုကွဲမှုကြီးလို့ မဆိုနိုင်ပါဘူး"

ကပ္ပိယစိန်ပေါက်ရဲ့ နိဒါန်းစကား ကြားလိုက်ရတော့ စမွနဂိုရ်ရွာသားတွေက "မဟာပြိုကွဲမှုလို့ ဘယ်သူပြောလိုက်ပါလိမ့်" ဆိုပြီး ဇေဝဇဝါ ဖြစ်သွားခဲ့ကြတယ်။ ဒါပေမဲ့ ကပ္ပိယစိန်ပေါက်က အာပေါင်အာရင်းသန်သန်နဲ့ ဆက်ပြောနေတာကို နားထောင်ကောင်းကောင်း နဲ့ ဆက်ပြီး နားထောင်နေကြတယ်။

ဆွမ်းစားကျောင်း ပြိုသွားတာဟာ မဟာပြိုကွဲမှုကြီးလို့ မဆိုနိုင်ပေမယ့် စမွနဂိုရ်ရွာသားအဖို့ တော့ "စိန်ခေါ်မှု" ဖြစ်ကြောင်း၊ ဒါကြောင့် ဆွမ်းစားကျောင်း ပြန်ဆောက်ဖို့ ကိစ္စအတွက် "တက်ဂနိုလိုဂျီ" အသစ်၊ "နည်းဗျူဟာ" အသစ်တွေ ချမှတ်ဆောင်ရွက်ဖို့ လိုကြောင်း ဩဝါဒစကား စပြောတယ်။ သူ့စကားကို မောင်တင့်နဲ့ ဇော်ထွီးက ထောက်ခံတယ်။ ပြန်ဆောက်ဖို့ ကိစ္စကို အိုင်ဒီယော် လော်ဂျီသစ်နဲ့ "ဦးနှောက်မုန်တိုင်းဆင်" နိုင်ဖို့ လိုကြောင်း မောင်တင့်က ပြောတယ်။ ဟုတ်တယ် ဒီကိစ္စက "စပိ" မြန်မှ ဖြစ်မယ်လို့ ဇော်ထွီးက ပြောလိုက်တယ်။ ဇော်ထွီးကို ကြည့်မရတဲ့ သာဝက ပရိသတ်ထဲကနေ ထပြီး "ဟေ့ … မင်းတို့ ယဉ်ယဉ်ကျေးကျေးပြောကွာ" လို့ သတိပေးလိုက်တယ်။

အောင်ဘုက ကျောင်းကြီး ပြိုကျသွားတဟာ "ကိစ္စကောင်း" မဟုတ်

သလို “ကိစ္စဆိုး” လည်း မဟုတ်ကြောင်း၊ ရွာသားအားလုံးက ပြန်လည်ပြုပြင် တည်ဆောက်ဖို့ “တိမ်းညွတ်မှု” ရှိတယ်ဆိုရင် စမ္မနဂိုရ် ရဲ့ “ပဋိရူပအနာဂတ်” ကို မုချတွေ့ရဖို့ သေချာလှတဲ့ အကြောင်း ပြောတယ်။

ဒါကို စိတ်မရှည်နိုင်တော့တဲ့ ငသောင်းက ထတဲ့ ပြီး -

“ဟေ့ အောင်ဘု၊ မင်း သမူဟ ဖြစ်အောင် သနေ်ပပြောကွာ၊ ငါတို့ ကထန်းတဲက ဘိဇနက်ကို ဖျက်ပြီးလာရတာကွ၊ ဂလိုဘယ်ခေတ်မှာ နောလိတ်ကို ရှဲလုပ်တယ်ဆိုတာ အက်ပီဖနီ ဖြစ်ဖို့ လိုသလို လိုတိုရှင်းဖြစ်ဖို့ လည်း လိုသကွ၊ လိုတိုရှင်းစာအုပ်တွေ ရှာဖတ်ကွာ”

အောင်ဘုက ရုတ်တရက်ကြောင်ပြီး မတုံ့ပြန်နိုင်သေးခင် ထွန်းအံ့က ဝင်ထိန်းလိုက်တယ်။

“မလောကြပါနဲ့ ကွာ၊ ဒီကိစ္စက ဒိုင်မင်းရှင်းစုံမှ ဂလိုဘယ်ဆပ်ပလိုင်းချိန်းထဲက ကီးပလေယာတွေဟာ ပရောဂျက်အောင်မြင်ဖို့ အတွက် မဟာတိမ်းညွတ်မှုနဲ့ ဦးနှောက်ကို ဆွရမှာ မဟုတ်လား”

“ဆွမှာ ဖြင့် မြန်မြန်ဆွကွာ၊ ငါ့လယ်တဲမှာ တော့ ကောက်ဆွတို့ ၊ ထွန်ခြစ်တို့ အစုံရှိတယ်။ ဘယ်သူ့ခေါင်း ဘယ်လောက်ရှုပ်ရှုပ် ငါ့ကောက်ဆွနဲ့ ဆွလို့ ဖြစ်ရင် လာယူ”

ဒူးကြီးက ဘုမသိ ဘမသိ ဝင်ပြောတော့ “ဒီကောင် ခြောက်ပေါက်ထဲရောက်တော့မှာ ပဲ” လို့ တချို့က စိုးရိမ်သွားတယ်။ ဒါပေမဲ့ ထွန်းအံ့ကိုယ်တိုင် သူ့စကားသူ နားလည်ပုံ မရသေးဘူး။

ဒီလို ... နဲ့ ။

တူးရွင်း၊ ဓား၊ ပေါက်တူး စတဲ့ ရရာလက်နက် ကိရိယာတွေ ကိုင်စွဲလာတဲ့ စမွနဂိုရ် ရွာသွားတွေဟာ တစ်နေ့တစ်နေ့ “တောက်ပြောင်”၊ “ခမ်းနား”၊ “ဆန်းပြား”၊ “ကြီးကျယ်” တဲ့ ဧရာမ စကားလုံးကြီးတွေကို နားထောင်ရင်း အားအင်တွေ ကုန်ခန်းလာခဲ့တယ်။ ညနေ နေဝင်ရီတရောဆိုရင် မှုးမှူးဝေဝေနဲ့ အိမ်ပြန်လာခဲ့တယ်။ နေ့တွေ ရက်တွေ ကုန်လွန်ခဲ့ပေမယ့်လည်း ဝါးတစ်လုံး မခုတ်ရသေးဘူး၊ ဓနိတစ်ရွက် မပျစ်ရသေးဘူး၊ တိုင်တွင်းတစ်တွင်း မတူးရသေးဘူး၊ နှီးတစ်စိတ် မဖြာရသေးဘူး။ တစ်နေ့ထက် တစ်နေ့ သူတို့ အသက်တွေ ကြီးရင့်လာခဲ့ပေမယ့် ဆွမ်းစားကျောင်း ပြန်ဆောက်ဖို့ အလုပ် မစနိုင်သေးဘူး။

“စကားလုံး” တွေနဲ့ ဆောက်လို့ ရနိုင်မှ တော့ ဦးပဥ္စင်းလေးရဲ့ ဆွမ်းစားကျောင်းဟာ ဝေဇယန္တာနန်းပြာသာဒ်လောက် ဖြစ်ရောပေ့ါ။ ခုလို အပြားလိုက်ကြီး ပုံပြီး ဘယ်ဇာတ်မျောနေတော့မလဲ။

*